## ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Standard Operation Procedure – SOP)

စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လုပ်ငန်းတာဝန်များအရ ရေနံထွက်ပစ္စည်းဆိုင်ရာဖြည့်ဆည်းမှုကွင်းဆက် (Petroleum and Petroleum Supply Chain) တစ်ခုလုံးအား စနစ်တကျကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ရာ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် ပိုမိုစနစ်တကျရှိစေရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ကြီးကြပ်လက်မှတ်အား ခွင့်ပြုထုတ်ပေးရမည်ဖြစ်ပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ခွင့်ပြုထုတ်ပေးဆောင်ရွက်ရမည့် ကိစ္စရပ်များ

(၁) တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးရှိ ဆီသယ်ယာဉ် (Bowser) နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer) များ၏ ပိုင်ရှင်များသည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါက ပူးတွဲပါလျှောက်လွှာပုံစံနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

- (က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ)
- (ခ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)
- (ဂ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်(မိတ္တူ)

(၂) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီအဖွဲ့အစည်းများ၏ ဆီသယ်ယာဉ် (Bowser)နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer) များအတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် လျှောက်ထားလာပါက အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိ စစ်ဆေးရမည်–

- (က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပါရှိပြီး သက်တမ်းတိုးမြှင့်ပြီးဖြစ်ရမည်။
- (ခ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းလိုင်စင်ရရှိပြီး သက်တမ်းတိုးမြှင့်ပြီးဖြစ်ရမည်။

( ဂ ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ် ပါရှိပြီး သက်တမ်းတိုးမြှင့်ပြီး ဖြစ်ရမည်။

(ဃ) ယာဉ်မောင်းနှင်သူသည် ဆီတင်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း တက်ရောက် ပြီးဖြစ်ရမည်။

( င ) ခွင့်ပြုထားသည့်ရေနံထွက်ပစ္စည်းကိုသာ သယ်ယူပို့ဆောင်ရမည်။

(၃) သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါက စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့တင်ပြခွင့်ပြုချက်ရယူပြီး သက်တမ်း(၁)နှစ်ရှိ ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှတစ်ဆင့် ခွင့်ပြုထုတ်ပေးမည်။

(၄) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ခွင့်ပြုရရှိထားသည့် ဆီသယ်ယာဉ် (Bowser)နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer) တို့၏ ပိုင်ရှင်သည် ကြီးကြပ်လက်မှတ်သက်တမ်းမကုန်ဆုံးမီ (၂)လအတွင်း သက်တမ်းဆက်လက်တိုးမြှင့်နိုင်ရန် အတွက် နီးစပ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသို့ တင်ပြလျှောက်ထားရမည်။

(၅) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသည် သက်ဆိုင်ရာပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီအဖွဲ့အစည်းများမှ ဆီသယ်ယာဉ် (Bowser)နှင့် ဆီသယ်နောက်တွဲယာဉ် (Tank Trailer)များအတွက် ခွင့်ပြုထုတ်ပေးထားသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိစိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ ထောက်ခံတင်ပြရမည်။

(၆) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် ထောက်ခံတင်ပြလာပါက ဆက်လက်စိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက သက်တမ်း(၁)နှစ် ဆက်လက်တိုးမြှင့်ခွင့်ပြုမည်။

(၇) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်စီး/ပျောက်ဆုံးပါက မူလလျှောက်ထားသည့်ပုံစံအတိုင်း (၂)ပတ်အတွင်း

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) သို့မဟုတ် နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးဦးစီးအရာရှိရုံးသို့ ပြန်လည်လျှောက်ထားရမည်။

(၈) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်စီး/ပျောက်ဆုံး၍ အသစ်ပြန်လည်လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိစိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်အား အသစ်ပြန်လည်ထုတ်ပေးရမည်။

(၉) ယခင်ကောက်ခံသည့် ကြီးကြပ်လက်မှတ်နှုန်းထားများ–

| | |
|---|---|
| (က) ကြီးကြပ်လက်မှတ်ကြေး | ၂၀၀၀၀ ကျပ် |
| ( ခ ) ကြီးကြပ်လက်မှတ်သက်တမ်းတိုးကြေး | ၂၀၀၀၀ ကျပ် |
| ( ဂ ) ကြီးကြပ်လက်မှတ်ပျက်စီး/ပျောက်ဆုံးကြေး | ၁၀၀၀၀၀ ကျပ် |